

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း

ဘဝရပ်တည်ရေးအတွက်စည်းမျဉ်းစည်းကမ်းနှင့်အာမခံချက်များ

ပြည်သူ့လွတ်လပ်ခွင့်အစည်းအရုံး(စော်စော်စော်)

# မိတ်ဆက်

လူ့အခွင့်အရေးသည်ထိုင်းလူမှုအသိုင်းအဝိုင်းမှပို၍ပို၍ရှင်းလင်းနားလည်သဘောပေါက်ရန်လေ့လာသင်ယူသော အကြောင်းအရာဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်းအေးပါသောအချက်အလက်များ တိုးတက်စေသည့်အကျိုးဖြစ်ထွန်းခဲ့ပြီးငြိမ်းချမ်းစွာအ တူတကွနေထိုင်ရေးအတွက် အရေးကြီး၍အခြေခံကျလေသည်။ ထိုင်းလူမှုအသိုင်းအဝိုင်းတွင် ကဏ္ဍပေါင်းစုံရှိသည်။ နိုင်ငံရေး ကဏ္ဍ၊ စီးပွါးရေး ကဏ္ဍ၊ လူမှုဓလေ့ထုံးတမ်းနှင့်တိုင်းရင်းသားကဏ္ဍတို့ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ လက်ရှိအခြေအနေတွင် အချို့သော လူမှုဓလေ့ထုံးတမ်းနှင့် တိုင်းရင်းသားအုပ်စုများတွင်သတင်းအချက်အလက်နှင့်လူ့အခွင့်အရေးအကြောင်းအရာအား လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းနည်းပါးလျက်ရှိသေးသည်။ ကန့်သတ်ချက်များအနက်မှအကြီးသောအချက်မှာဘာသာစကားဖြစ်သည်။

“အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းဘဝရပ်တည်ရေးအတွက်စည်းမျဉ်းစည်းကမ်းနှင့်အာမခံချက်များ” စာအုပ်အားစီစဉ်ထုတ်ဝေရာတွင် လူ့အသိုင်းအဝိုင်းတွင်းမှ ဘာသာစကားနှင့် ကွဲပြားခြားနားသည်။ လွယ်ကူစွာဖတ်ရှုနိုင်ခြင်း၊ လှပသောရုပ်ပုံများပါဝင်ခြင်းတို့ကြောင့်လေ့လာသင်ယူနိုင်ရန်ပြတ်လပ်လျက်ရှိသောဟာကွက်အားကူညီဖာထေးပေးနိုင်မည့်ကိရိယာအဖြစ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။



အေးဘက် ဖေါင်ဒေးရှင်းသည်အကျိုးအမြတ်ရှာဖွေရန်မဟုတ်ဘဲဒီမိုကရေးစီတိုးတက်ရေးအတွက် တရားမျှတသော လူ့အသိုင်းအဝိုင်းနှင့်ငြိမ်းချမ်းစွာပူးပေါင်းနေထိုင်ရေးအတွက်လုပ်ဆောင်သည့် ဂျာမန်ဖေါင်ဒေးရှင်းတစ်ခုဖြစ်ပါသည်။ ဂျာမနီနိုင်ငံနှင့်ကမ္ဘာ့အခြားနိုင်ငံများ၌ဖေါင်ဒေးရှင်း၏ဤရေးကြီးသော လုပ်ဆောင်ချက်များမှာ လေ့လာသင်ယူနိုင်ရန်စီစဉ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဖေါင်ဒေးရှင်းမှ ဤစာအုပ်ဖြစ် မြောက်နိုင်ပုံနှိပ်ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။ လူ့အခွင့်အရေးတိုးတက်စေရန် မျှော်လင့်လျက်တစ်ဘက်မှလည်း လူ့အဖွဲ့အစည်းများအားလုံးအားလူ့အခွင့်အရေးဆိုင်ရာတိုးတက်ရန်စတင်တည်ဆောက်လျက်ရှိသော ပြည်သူများလွတ်လပ်မှုပံ့ပိုးရေးအစည်းအရုံးအား အထူးကျေးဇူးတင်ရှိ ပါသည်။

Friedrich-Ebert-Stiftung
ဘန်ကောက်မြို့
ဧပြီလ ၂၀၀၉

## คำนำ

สิทธิมนุษยชน เป็นประเด็นที่สังคมไทยเรียนรู้ ทำความเข้าใจ และตระหนักมากขึ้นเรื่อยๆ ในรอบสิบปีที่ผ่านมา ส่งผลให้เกิดพัฒนาการสำคัญหลายประการ ที่เป็นพื้นฐานสำคัญสำหรับการอยู่ร่วมกันอย่างสันติ อย่างไรก็ตาม สังคมไทยมีความหลากหลาย ทั้งทางด้านการเมือง เศรษฐกิจ สังคมวัฒนธรรม และชาติพันธุ์ และในปัจจุบัน กลุ่มที่มีความแตกต่างทางด้านสังคมวัฒนธรรมและชาติพันธุ์บางกลุ่ม ยังขาดโอกาสในการเข้าถึงข้อมูลข่าวสารและการเรียนรู้เรื่องสิทธิมนุษยชน เนื่องจากข้อจำกัดหลายประการ ที่สำคัญ คือ ภาษา

การจัดทำหนังสือ “ปฏิญญาสากลว่าด้วยสิทธิมนุษยชน กติกาและหลักประกันเพื่อการอยู่รอด” เป็นภาษาของกลุ่มที่แตกต่างในสังคม โดยใช้รูปแบบที่อ่านง่าย พร้อมมีภาพประกอบที่สวยงาม จึงเป็นเครื่องมือสำคัญที่จะช่วยลดช่องว่างในการเรียนรู้ดังกล่าว

มูลนิธิฟรีดริค เอแบร์ท เป็นมูลนิธิเยอรมันที่ไม่แสวงผลกำไร ทำงานเพื่อพัฒนาประชาธิปไตย ความเป็นธรรมทางสังคม และการอยู่ร่วมกันอย่างสันติ ทั้งในประเทศเยอรมนีและประเทศต่างๆ ทั่วโลก โดยใช้กระบวนการสำคัญ คือ การจัดการศึกษาเรียนรู้ ดังนั้น มูลนิธิฯ จึงสนับสนุนการจัดพิมพ์สื่อเพื่อการศึกษาเล่มนี้ โดยหวังว่าจะเป็นประโยชน์ต่อการพัฒนาสิทธิมนุษยชนต่อไป และขอขอบคุณ สมาคมส่งเสริมสิทธิเสรีภาพของประชาชน สำหรับการริเริ่มสร้างสรรค์พัฒนาการด้านสิทธิมนุษยชนเพื่อคนทุกกลุ่ม

**มูลนิธิฟรีดริค เอแบร์ท**
**กรุงเทพมหานคร**
**เมษายน 2552**

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း

အားကစားပြိုင်ပွဲဖြစ်စေ၊ယှဉ်ပြိုင်မှုဖြစ်စေ စည်းမျဉ်းစည်းကမ်းများကိုချမှတ် ထားရမည်ဖြစ်သည်။ အကယ်၍စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ပါက ထိုအားကစားပြိုင်ပွဲ သို့မဟုတ် ယှဉ်ပြိုင်မှုသည် အဓိပ္ပါယ်မဲ့ ဖြစ်သွားပေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦးယုံကြည်မှုကင်းမဲ့သွား မည်ဖြစ်သည်။ ထိုနည်းတူစွာ ဘဝရပ်တည်မှု တွင်လည်းငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်း နေထိုင်နိုင် ရန် စည်းမျဉ်းစည်းကမ်းများ ထားရှိရန် လိုအပ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း (၆၀) ကဝမ်းနည်းကြေကွဲဖွယ်ရာ ကမ္ဘာ့နိုင်ငံအသီးသီး၏ လူ့အသက်ပေါင်းမြောက်မြားစွာအားသတ်ဖြတ်ခဲ့သောကမ္ဘာစစ်နှစ်ကြိမ်တွင်ကမ္ဘာပေါ်ရှိနိုင်ငံများ အားလုံးနီးပါးပါဝင်ခဲ့ကြသည်။နိုင်ငံတကာမှ ပူးပေါင်း၍ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးကြီးဟုခေါ်ဆိုသည့် အစည်းအဝေးကြီးတရပ်ကိုကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးကြီးမှ ကမ္ဘာပေါ်ရှိလူအများပူးပေါင်းနေထိုင်နိုင်ရန် အချက်(၃၀)အားသတ်မှတ်ခဲ့ကြသည်။ ထိုသတ်မှတ်ချက်အချက် (၃၀)တွင်ကမ္ဘာပေါ်ရှိလူသားများအားလုံးစစ်ဘေးမှလွတ်ကင်း၍ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်ပြဋ္ဌာန်းထားခဲ့ကြသည်။ ဤစာအုပ်ငယ်မှ ပြဋ္ဌာန်းချက် (၃၀)အားလွယ်ကူစွာဖတ်ရှု နားလည်နိုင်စေရန် ကာတွန်းသရုပ်ဖော်နှင့် တကွစုစည်း၍တင်ပြ ထားပါသည်။

ကျွန်ုပ်တို့ငယ်စဉ် ကာလတွင် ကျွန်ုပ်တို့နှင့် အမြဲရင်းနှီးနေသည့် စည်းကမ်းသတ်မှတ်ချက်များဖြစ်သည့် "သင်ဒါလုပ်ရမည်" သို့မဟုတ် "ဒါမလုပ်ရ"စသည်တို့ဖြစ်ကြသည်။ ဤအတူပူးပေါင်းနေထိုင်နိုင်ရန်ပြဋ္ဌာန်းချက်အချက်(၃၀)တွင် "တားမြစ်ချက်" သို့မဟုတ် "လုပ်ဆောင်ရမည့်အရာ"များကိုသတ်မှတ်ထားခြင်းမရှိပါ။ သို့သော်ပြဋ္ဌာန်းချက်အချက်(၃၀)သည် ကျွန်ုပ်တို့အားလုံး အသက်ရှင်နေထိုင်နေစဉ်အာမခံချက်နှင့်အကျိုးဖြစ်ထွန်းစေပါသည်။

ကလေးသည်လည်းကမ္ဘာပေါ်ရှိနိုင်ငံတစ်နိုင်ငံအတွင်းမှ ပြည်သူလူထုတစ်ဦးဖြစ်သောကြောင့် ဤပြဋ္ဌာန်းချက်မှ အာမခံချက်ပေးထားသည်မှာ ကျွန်ုပ်တို့သည် ထမင်းဝအောင်စားနိုင်ရန်၊ အဝတ်အစားရရှိရန်၊ နေမကောင်းချိန်တွင် ဆေးသောက်ရရန်၊ကျောင်းများတွင်စာသင်ကြားနိုင်ရန် စသည့် အခွင့်အရေးတို့ကိုရရှိခွင့်ရှိပြီး မည်သူတစ်ဦး တစ်ယောက်မျှ ကျွန်ုပ်တို့အား ကမ္ဘာပေါ်တွင်နေထိုင်သူတစ်ဦးမဟုတ်သူဟူသော မသင့်တော်သည့် ခွဲခြားဆက်ဆံမှုများမရှိသင့်ပါ။ ကျွန်ုပ်တို့ကြီးပြင်းလာသောအခါ မိမိတို့ဘဝအား လွတ်လပ်စွာရွေးခြယ်ခွင့် ရရှိနိုင်ရမည်ဖြစ်သည်။ လွတ်လပ်စွာအလုပ်ရွေးခြယ်ခြင်း၊ လွတ်လပ်စွာဘဝကြင်ဖော်ရွေးခြယ်ခြင်း၊ လွတ်လပ်စွာ ခရီးသွားလာခြင်းစသည့်အခွင့်အရေးများရှိသည်။ အကယ်၍ဤအခွင့်အရေးများဆုံးရှုံးစေရန် ရည်ရွယ်၍ မတရားနည်းလမ်းဖြင့်သော်လည်းကောင်း၊ လစ်လျူရှု၍သော်လည်းကောင်းပြုမူခံရပါက လုံခြုံသော ဘဝတစ်ခုဖြစ်ရန်နှင့်အန္တရာယ်ကင်းသော နေရာဒေသတွင်သွားရောက်ခိုလှုံနိုင်ခွင့်ရရှိရန် အခွင့်အရေးရှိသည်။

မည်သို့ပင် ဖြစ်စေကာမူ အချို့သောနိုင်ငံများသည်ပြည်သူနှင့်ကလေးများအတွက် ဤရသင့်ရထိုက်သည့်အခွင့်အရေး များကိုအည်အသွေးပြည့်ဝစွာစီစဉ်ပေးခြင်း မရှိသေးပါ။ ဝမ်းနည်းစရာကောင်းသည်မှာ နိုင်ငံ အတော်များများတွင် ဖော်ပြပါ အချက် (၃၀) စလုံးအားချိုးဖောက်လျှက်ရှိသောကြောင့်လူတိုင်းအတွက်ဖြစ်ပြီး၊ အထူးသဖြင့် ကလေးများအတွက်ဖြစ်သည်။ သဘောတူညီချက် များ သို့မဟုတ် ကမ္ဘာပေါ်တွင် အတူတကွပူးပေါင်းလက်ခံနေထိုင်နိုင်ရန် အခွင့်အရေးများ ကိုသိရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လူသားများ၏လွတ်လပ်ခွင့်အား စောင့်ရှောက်သည့်တာဝန်ကိုထမ်းဆောင်နေသော ကျွန်ုပ်တို့အ နေနှင့်ထိုအခွင့်အရေးများမရရှိနိုင်ရန်အတွက် ငြင်းဆန်မှုများရှိပါက ကျွန်ုပ်တို့သည် နည်းလမ်းမျိုးစုံ အသုံးပြု၍ ချိုးဖောက်ခံရသောအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရန် အတွက်ကူညီမည်ဟုဂတိပြုပါသည်။

**ပြည်သူ့လွတ်လပ်ခွင့်အစည်းအရုံး**



အပိုဒ်–1

ကလေးတိုင်းသည် မွေးဖွားလာကတည်းကလွတ်လပ်ခွင့်ရှိကြပြီး၊ ထိုအခွင့်အရေးကြောင့်ဘဝရှင်သန်နိုင်ရမည်ဖြစ်သည်။ ကလေးများသည် ကလေးများသည်ဆင်ခြင်သုံးသပ်နိုင်မှုနှင့် အကောင်းအဆိုးကိုလည်းတာဝန်ယူမှုရှိကြသဖြင့် အားလုံးအားညီအကိုမောင်နှမများအဖြစ်ဆက်ဆံသင့်သည်။



အပိုဒ်–2

လူတိုင်းသည်

–လိင်

–အသားအရောင်

–ဘာသာစကားကွဲပြားမှု

–သက်ဝင်ယုံကြည်သည့်ဘာသာ

–ဆင်းရဲချမ်းသာ

–လူနေမှုအဆင့်အတန်း

–မည်သည့်နိုင်ငံမှလာရောက်သည်ဖြစ်စေခွဲခြားမှုမရှိဘဲ ဤလူ့အခွင့်အရေးကြေညာစာတမ်းအရ ဤအခွင့်အရေးများကိုတောင်းဆိုခွင့်ရှိသည်။







အပိုဒ်–3

လူတိုင်းသည်အသက်ရှင်သန်ပိုင်ခွင့်၊
လွတ်လပ်စွာအသက်မွေးဝမ်းကြောင်းခွင့်နှင့်ဘဝလုံခြုံခွင့်ရှိသည်။







အပိုဒ်–4

မည်သူမျှကျွန်ုပ်တို့အပေါ်တွင်ကျွန်အဖြစ်ဆက်ဆံပိုင်ခွင့်မရှိပါ။
ထိုနည်းတူစွာ ကျွန်ုပ်တို့အနေနှင့်လည်းအခြား
သူအပေါ်များကျွန်အဖြစ်ဆက်ဆံခြင်းမပြုသင့်ပါ။



အပိုဒ်–5
မည်သူမျှကျွန်ုပ်တို့၏အပေါ်တွင်
မတရားညှဉ်းပမ်းနှိပ်စက်ခွင့်မရှိပါ။









အပိုဒ်–6


လူတိုင်းသည် ဥပဒေ၏

အကာအကွယ်ကိုနေရာဒေသတိုင်းတွင်တန်းတူ၊ ညီတူခံစား

ခွင့်ရှိသည်။







အပိုဒ်–7

ဥပဒေသည် ပြည်သူလူထုများအားလုံးကို ညီမျှစွာအကာအကွယ်ပေးပြီး၊ တပြေးညီစွာ ကျင့်သုံးသည်။









အပိုဒ်–၈

ကျွန်ုပ်တို့သည် နိုင်ငံအတွင်းပြဋ္ဌာန်းထား
သည့်ဥပဒေ အတိုင်းအခွင့်အရေးများကိုလေးစားခြင်းမခံရပါက
ဥပဒေအရ အကူအညီတောင်းခံနိုင်သည်။







အပိုဒ်–9

မည်သူမဆိုခိုင်လုံကောင်းမွန်သောအကြောင်းပြ
ချက်မရှိဘဲ၊ ကျွန်ုပ်တို့အားချုပ်နှောင်ထားရန်အတွက်
ထောင်သွင်းအကျဉ်းချခြင်း သို့မဟုတ် မတရားသောအား
ဖြင့်နိုင်ငံပြင်ပသို့နှင်ထုတ်ခြင်းတို့ကိုလုပ်ပိုင်ခွင့်မရှိပါ။







အပိုဒ်–10

အကယ်၍ကျွန်ုပ်တို့သည် စစ်ကြောမေးမြန်းမှုခံရပါက လူအများ၏ရှေ့မှောက်၌ထုတ်ဖော်၍စစ်ကြောမေးမြန်းခံရခွင့်ရှိသည်။ ကျွန်ုပ်တို့အားစစ်ကြောမေးမြန်းသူသည်အာဏာရှိသူတစ်စုံတစ်ယောက်၏ချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသူဖြစ်ရမည်။







အပိုဒ်–11

ကျွန်ုပ်တို့သည်အမှန်တကယ်အပြစ်ကျူးလွန်သည်ဟုသက်သေမပြနိုင်သေးသရွေ့ ၊ အပြစ်ရှိသူအဖြစ်သတ်မှတ်ခြင်းမှကင်းလွတ်ခွင့်ရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဥပဒေချိုးဖေါက်သည်ဟုစွပ်စွဲခံရပါကမိမိကိုယ်ကိုကာ ကွယ်ရန်အတွက် အမှုရင်ဆိုင်နိုင်သည့်အခွင့်အရေးရှိသည်။ ကျွန်ုပ်တို့မပြုလုပ်ရသည့်ကိစ္စအား မည်သူမျှစွပ်စွဲပိုင်ခွင့်နှင့်အပြစ်ပေးပိုင်ခွင့်မရှိပါ။





အပိုဒ်–12

ကျွန်ုပ်တို့၏ဂုဏ်သိက္ခာအားထိခိုက်ခြင်း၊
ကျွန်ုပ်တို့၏အိမ်ယာအတွင်းသို့ကျူး
ကျော်ဝင်ရောက်ခြင်း ၊ ကျွန်ုပ်တို့၏စာ
များကိုဖွင့်ဖတ်ခြင်း၊ ကျွန်ုပ်နှင့်မိသားစု၏
အေးချမ်းသာယာမှုအားနှောင့်ယှက်ခြင်း
တို့ကိုပြုမူခံရပါက ကာကွယ်ပေးရန်
တောင်းဆိုပိုင်ခွင့်ရှိသည်။







အပိုဒ်–13

ကျွန်ုပ်တို့သည်နိုင်ငံအတွင်း၌သော်လည်းကောင်း၊ နိုင်ငံပြင်ပဖြစ်သည့်နိုင်ငံခြားသို့သော်လည်းကောင်း၊ အလိုရှိရာသို့ လွတ်လပ်စွာသွားလာပိုင်ခွင့်ရှိသည်။ထိုနည်းတူစွာ အချိန်မရွေး မိမိ၏နိုင်ငံအတွင်းသို့ပြန်လည်ဝင်ရောက်ပိုင်ခွင့်ရှိသည်။










အပိုဒ်–14

ကျွန်ုပ်တို့အားအန္တရာယ်ပြုပါက အခြား
နိုင်ငံသို့သွားရောက်ခိုလှုံနိုင်ခွင့်ရှိပြီး၊ ထိုနိုင်ငံ၏
အကာအကွယ်ပေးမှု ကိုတောင်းခံနိုင်ခွင့်ရှိသည်။
သို့သော်ကျွန်ုပ်တို့အနေနှင့်
လူသတ်သောအခါနှင့်ဤကြေညာချက်
များကိုမလိုက်   နာသောအခါတွင်
ထိုအခွင့်အရေးကိုခံစားနိုင်မည်မဟုတ်ပါ။







အပိုဒ်–15

ကျွန်ုပ်တို့သည် နိုင်ငံတစ်နိုင်ငံ၏
နိုင်ငံသားဖြစ်ခွင့်ရှိပြီး၊ မည်သူမှထိုနိုင်ငံ၏နိုင်ငံသား
ဖြစ်ခြင်းကို ခိုင်လုံသော
အကြောင်းပြချက်တစ်စုံတရာမရှိဘဲ
ဟန့်တားပိုင်ခွင့်မရှိပါ။





အပိုဒ်–16
လူတစ်ဦးတစ်ယောက်အနေနှင့်
နိုင်ငံတစ်နိုင်ငံ၏နိုင်ငံသားဖြစ်ပါက
ထိုနိုင်ငံ၏ဥပဒေအရ
အိမ်ယာထူထောင်  နိုင်ရန်အတွက် ထိမ်းမြား
လက်ထပ်ခွင့်ရှိသည်။ အသားအရောင်၊
နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာ ၊
လိင်စသည်တို့ကိုခွဲခြားခြင်းမရှိဘဲ
တန်းတူအခွင့်အရေးရှိသည်။
ထိမ်းမြားလက်ထပ်သောအခါတွင်လည်းကောင်း၊
ကွာရှင်းပြတ်စဲသောအခါတွင်လည်းကောင်း
တစ်ဦးတစ်ယောက်မှအတင်းအကြပ်ပြုလုပ်စေ၍မရပါ။
ထိုနိုင်ငံ၏အစ စိုးရမှလည်း၊ ၎င်းနှင့် ၎င်းတို့၏
မိသားစုဝင်များကိုအကာအကွယ်ပေးရမည်ဖြစ်သည်။







အပိုဒ်–17

ကျွန်ုပ်တို့သည် ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်ရှိပြီး၊
မည်သူမျှခိုင်လုံသောအကြောင်းပြချက်မရှိဘဲ
ကျွန်ုပ်တို့ထံမှယူဆောင်သွားခွင့်မရှိပါ။









အပိုဒ်–18

ကျွန်ုပ်တို့သည်လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်၊
ဘာသာပြောင်းခွင့်၊ ဘာသာရေးဆိုင်ရာကိစ္စများအား
မိမိသဘောအတိုင်းလုပ်ဆောင်ပိုင်ခွင့်နှင့် အခြားသူများနှင့်
လွတ်လပ်စွာပူးပေါင်းလုပ်ဆောင်ပိုင်ခွင့်ရှိသည်။





အပိုဒ်–19

ကျွန်ုပ်တို့သည်လွတ်လပ်စွာတွေးခေါ်
ပြောဆိုပိုင်ခွင့်ရှိသည်။ မည်သူမျှဟန့်တားပိုင်ခွင့်မရှိပါ။
ကျွန်ုပ်တို့သည် အခြားနိုင်ငံသားများနှင့်ပူးပေါင်း၍
ထင်မြင်ချက်များကိုထုတ်ဖော်ပိုင်ခွင့်ရှိသည်။



အပိုဒ်–20

ကျွန်ုပ်တို့သည် ကန့်ကွက်ဆန္ဒပြခြင်းကိုအေးချမ်းစွာလုပ်ဆောင်ပိုင်ခွင့် သို့မဟုတ်အေးချမ်းစွာဆန္ဒပြမှုတွင်ပါဝင်နိုင်ခွင့်ရှိသည်။အကယ်၍ အခြားသူများအားအတင်းအကြပ်ဆန္ဒပြမှုတွင်ပါဝင်စေပါက အပြစ်ရှိသည်ဟုယူဆ သည်။






အပိုဒ်–21

ကျွန်ုပ်တို့သည် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်နိုင်ခွင့်ရှိသည်။ အစိုးရအဖွဲ့တွင်ပါဝင်ခြင်း သို့မဟုတ် မိမိတို့ နှင့်သဘောထားခြင်းတိုက်ဆိုင် သောနိုင်ငံရေးသမားများအားရွေးချယ်ပိုင်ခွင့်ရှိသည်။ ရွေးကောက်တင်မြှောက်ခံရ ခြင်းနှင့် အခွင့်အရေး ရှိသည်။ လျှို့ဝှက်မဲဆန္ဒပေးခြင်းမှလာသည့်အစိုးရ ဖြစ်ရမည်။ ကျွန်ုပ်တို့သည်ဆန္ဒမဲပေးပိုင်ခွင့်နှင့် ပြည်သူများအားလုံးသည် တမဲစီညီတူညီမျှပေး ပိုင်ခွင့်ရှိရမည်။ ကျွန်ုပ်တို့သည်ညီမျှသောဝန်ဆောင် မှုကိုအခြားသူများ ကဲ့သို့ ခံစားပိုင်ခွင့်ရှိသည်။







အပိုဒ်–22

ကျွန်ုပ်တို့နေထိုင်သော လူမှုအသိုင်းအဝိုင်းထံမှ ရိုးရာဓလေ့ထုံးတမ်း၏ တိုးတက်မှုနှင့်နိုင်ငံ အတွင်း အမျိုးသား၊ အမျိုးသမီးများအားလုံးအတွက်စီစဉ် ထားပေးသည့်အသက်မွေးဝမ်းကြောင်းနှင့်လူမှုဖူလုံ ရေးအားရရှိခံစားပိုင်ခွင့်ရှိသည်။








အပိုဒ်–23

ကျွန်ုပ်တို့သည် မိသားစုအားကျွေးမွေး
စောင့်ရှောက်နိုင်ရန်အလုပ်ရရှိပိုင်ခွင့်၊
လုပ်ငန်းရွေးချယ်ပိုင်ခွင့်နှင့်လုပ်
အားခရရှိပိုင်ခွင့်ရှိသည်။ လူတိုင်းသည်
ကျား၊ မ မခွဲခြားဘဲ
အလုပ်နှင့်လုပ်အားခရရှိပိုင်ခွင့်ရှိသည်။
အလုပ်လုပ်သူ လူတိုင်းသည် မိမိ၏အကျိုး
အားကာကွယ်မှုတွင်ပူးပေါင်း၍
လုပ်ဆောင်ပိုင်ခွင့်ရှိသည်။







အပိုဒ်–24

နေ့စဉ်အလုပ်ချိန်သည်လိုအပ်သည်ထက်မပိုသင့်ပါ။
လူတိုင်းတွင်အနားယူပိုင်ခွင့်နှင့်
အနားယူစဉ်တွင် သင့်တော်သည့်
လုပ်အားခကိုရပိုင်ခွင့်ရှိသည်။







အပိုဒ်–25

ကျွန်ုပ်တို့သည် ဘဝရှင်သန်ရေးအတွက်
လိုအပ်သောအရာများကိုရရှိပိုင်ခွင့်ရှိသည်။
ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့ ၏မိသားစုသည် ဖျားနာမှုမရှိခြင်း၊
ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အဝတ်အစားမပြတ်လပ်ခြင်း
နှင့်နေရာထိုင်ခင်းရှိခြင်းစသည့်အခွင့်အရေးများရှိသည်။ တို့အ
ပြင်အလုပ်မရှိသောအခါအလုပ်ရရှိနိုင်သည့်အခွင့်အရေးနှင့်
ကျွန်ုပ်တို့ထိန်းချုပ်၍မရ နိုင်သည့်ဖျားနာစဉ်၊ အိုမင်းမစွမ်း
ဖြစ်စဉ် သို့မဟုတ် ခင်ပွန်း သို့မဟုတ်ဇနီးသေဆုံးခြင်း
သို့မဟုတ် ဝင်ငွေရရှိရန်အလုပ်လုပ်နိုင်စွမ်းမရှိသောအခါ
တို့တွင်အကူအညီရရှိပိုင်ခွင့်ရှိသည်။ ကိုယ်ဝန်ဆောင်စဉ် နှင့်
ကလေးငယ်သောမိခင်တို့သည် မိခင်ရောကလေးပါ
အထူးအကူအညီကိုရရှိမည်ဖြစ်သည်။ ကလေးတိုင်းသည်
မိခင်မှအိမ်ထောင်ပြုသည်ဖြစ်စေမပြု သည် ဖြစ်စေ
ကာကွယ်စောင့်ရှောက်ခံရနိုင်ခွင့်ရှိသည်။








အပိုဒ်–26

လူတိုင်းသည်မူလတန်းပညာကိုအခမဲ့
သင်ကြားခွင့်ရှိသည်။ အသက်မွေးဝမ်းကြောင်း
ပညာ သို့မဟုတ် ဆန္ဒရှိသည့်အတိုင်း
အမြင့်ဆုံးပညာရေးအထိ
သင်ကြားနိုင်ခွင့်ရှိသည်။
လူတိုင်းသည်အသိပညာအားအဘက်ဘက်မှ
တိုးတက်စေရန်အခြားသူများနှင့်
ပူးပေါင်းနေထိုင်နိုင်ရန်
သွန်သင်ဆုံးမမှုများရရှိ ခွင့်ရှိသည်။
လူမျိုး၊ ဘာသာ နှင့်နိုင်ငံသားကွဲပြားသော်လည်း
အုပ်ထိန်းသူများအနေနှင့်
မိမိတို့၏သား၊ သမီး၊ မြေး၊ မြစ်များအတွက်
ပညာသင်ကြားမှုနည်းလမ်း၊ အကြောင်းအရာများကို
ရွေးချယ်ပိုင်ခွင့်ရှိသည်။





အပိုဒ်–27

ကျွန်ုပ်တို့သည် လူမှုအကျိုးပြုစေမည့် အနုပညာလုပ်ငန်းများ၊ သိပ္ပံနည်းပညာလုပ်ငန်းများ တွင်ပူးပေါင်းပါဝင်ခွင့်ရှိသည်။ ကျွန်ုပ်တို့သည် အဆိုကျော်၊ စာရေးဆရာ သို့မဟုတ် သိပ္ပံပညာရှင်များအဖြစ်နှင့်ကာကွယ် စောင့်ရှောက်မှုကိုခံရခွင့်ရှိပြီး၊ ထိုလုပ်ငန်းများ၏အကျိုးကိုလည်းခံစားပိုင်ခွင့်ရှိသည်။







အပိုဒ်–28

ကျွန်ုပ်တို့၏အခွင့်အရေးများအားလေးစားမှုခံ
ရနိုင်ရန် ထိုအခွင့်အရေးများကိုအကာအကွယ်ပေးသည့်
"စည်းမျဉ်းစည်းကမ်းများ" အားနိုင်ငံ့အတိုင်း
အတာအရသော်လည်းကောင်း၊ ကမ္ဘာ့အတိုင်းအတာ
အရသော်လည်းကောင်းထားရှိရမည်ဖြစ်သည်။







အပိုဒ်–29

ဘဝအခြေအနေတိုးတက်ပြည့်စုံကောင်းမွန်ရန် ကျွန်ုပ်တို့တွင်တာဝန်ရှိသည်။ လူ့အခွင့်အရေးအား တရားဥပဒေကသာတစ်ခုတည်းနည်းလမ်း အဖြစ်အာမခံပေးနိုင်မည်ဖြစ်သည်။ ဥပဒေမှ ပြည်သူများအားလုံးအခြားသူများ၏အခွင့်အရေးကို လေးစားပြီး၊ ကျွန်ုပ်တို့၏အခွင့်အရေး ကိုလည်းအခြားသူများ၏လေးစားမှုကိုရရှိသင့်ပါသည်။








အပိုဒ်–30

ကမ္ဘာကြီး၏မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေကာမူ
မည်သည့်လူ့အသိုင်းအဝိုင်းနှင့်မည်သည့်
လူသားဖြစ်စေ ဤလူ့အခွင့်အရေးကြေညာစာတမ်းအား
မလေးမစားလုပ်ပိုင်ခွင့်မရှိပါ။



လူ့အခွင့်အရေးကြေညာစာတမ်းအနှစ်(၆၀)မြောက်စာစောင်
မူရင်းစာသား  Inthanon Publishing Limited, Thailand

ကာတွန်း  Prima Breuer
စာအုပ်အပြင်အဆင်–ထနရတ် မုထာဖွမ်းန်   ထဝပ်ချိုင်း မန့်ဘွန်းမာန
ISBN 978-974-300-145-1
အုပ်ရေ–၆၀၀၀၀ စောင်
ထုတ်ဝေသည့်ခုနှစ် –၂၅၅၂
ပုံနှိပ်တိုက်– ဖုန်းဝရင်းကန်ဖင်းမ်
စီစဉ်သူ– ပြည်သူ့လွတ်လပ်ခွင့်အစည်းအရုံး(စော်စော်စော်)
၁၀၉ စုထိဆန်ဝိနစ်ချိုင်လမ်း၊ စမ်စေ(န်)နောက်မြို့နယ်
ဟွေ့ခဝမ်နယ် ဘန်ကောက် ၁၀၃၁၀
ဖုန်း ၀–၂၂၇၅–၄၂၃၁–၃   ဖက်စ် ၀–၂၂၇၅–၄၂၃၀

Friedrich-Ebert-Stiftung
Thanapoom Tower, 23rd Floor
1550 New Petchburi Road, Makkasan
Ratchathewi, Bangkok 10400, Thailand
Tel:+66 2 652 7178 to 9 Fax: +66 2 652 7180

(ลิขสิทธิ์ในการจัดพิมพ์เป็นของ สมาคมส่งเสริมสิทธิเสรีภาพของประชาชน และมูลนิธิฟรีดริค เอแบร์ท)

